## ကုမ္ပဏီအကြောင်း

GGI သည် ၂၀၁၃ ခုနှစ်ကစပြီး မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်မှာ ဂုဏ်သိက္ခာအရှိဆုံးဆိုတဲ့ နာမည်တစ်ခုကို တည်ဆောက်နိုင်ခဲ့တဲ့ အာမခံကုမ္ပဏီတစ်ခုပါ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ငွေကြေးကိစ္စရပ်တွေ အဆင်ပြေချောမွေ့နေစေဖို့အတွက် အကာအကွယ်ပေးမယ့် အာမခံလုပ်ငန်းတွေကို လိုအပ်လာတယ်လို့ GGI က ထင်မြင်သုံးသပ်မိပါတယ်။ ဒါကြောင့် GGI အနေနဲ့ လူကြီးမင်းတို့ တန်ဖိုးအထားရဆုံးအရာတွေကို အကာအကွယ်ပေးမယ့် အထူးအာမခံဝန်ဆောင်မှုတွေပေးစွမ်းဖို့ ကြိုးစားနေတဲ့အတွက် လူကြီးမင်းတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ယုံကြည်ချက်ကိုလည်း ရရှိစေမှာပါ။

GGI သည် ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အာမခံလုပ်ငန်းဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tokio Marine နဲ့ လက်တွဲလိုက်ပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဂုဏ်သိက္ခာရှိပြီး အရည်အသွေး ပြည့်ဝတဲ့ ကုမ္ပဏီနဲ့ အတူတကွ လက်တွဲလုပ်ဆောင်ရတဲ့အတွက် GGI အနေနဲ့များစွာ ဂုဏ်ယူရပါတယ်။ Tokio Marine ရဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ ကျွန်ုပ်တို့ရဲ့ ပြည်တွင်းလုပ်ငန်းနဲ့ မြန်မာပြည်သူလူထု အကြောင်း သိနားလည်မှုတို့ ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်မှာ ထူးခြားပြီး အရည်အသွေးမြင့်တဲ့ အာမခံဝန်ဆောင်မှု အမျိုးအစား အသစ်တွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း များစွာစိတ်လှုပ်ရှားမိပါတယ်။

## ဆက်သွယ်ရန်

**ရုံးချုပ်လိပ်စာ**
အမှတ် (၁၉/၂၀)၊ A, B, C, D
Junction Square ဝင်းအတွင်း၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်း ဒေသကြီး။

ဖုန်း : ၀၁ ၂၃၉၉ ၇၇၇
အီးမေးလ် : info@ggitokiomarine.com
ဝက်ဘ်ဆိုက် : www.ggitokiomarine.com

GGI TOKIO MARINE
အထွေထွေအာမခံ

# အလုံးစုံ မော်တော်ယာဉ် အာမခံ



လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

# လုံခြုံစွာ မောင်းနှင်ပါ

ကျွန်ုပ်တို့ရဲ့ အလုံးစုံ မော်တော်ယာဉ်အာမခံက သင့်ရဲ့မော်တော်ယာဉ်အတွက် ကာကွယ်ပေးမှာဖြစ်လို့ သင့်အနေနဲ့ စိတ်ချလုံခြုံစွာ မောင်းနှင်နိုင်မှာပါ။ သင့်ရဲ့ ကိုယ်ပိုင်ကား၊ အငှားဝယ်စနစ်ဖြင့် စပ်တူပိုင်တဲ့ကားအပြင် လုပ်ငန်းသုံးကားကိုပါ အာမခံထားနိုင်ပါတယ်။

ကျွန်ုပ်တို့ရဲ့ကောင်းမွန်သောဝန်ဆောင်မှု၊ ရိုးရှင်းတဲ့ပေါ်လစီတွေနဲ့ ၂၄နာရီအချိန်ပြည့် အကာအကွယ်ပေးမှုတွေကြောင့် အာမခံရယူမှု လုပ်ဆောင်ချက်က အစအဆုံး လွယ်ကူချောမွေ့လှပါတယ်။ သင့်မော်တော်ယာဉ် ထိခိုက်ပျက်စီးမှုအတွက် အလွန်ကောင်းမွန်တဲ့ အာမခံလျော်ကြေးဝန်ဆောင်မှုနဲ့ သင့်မော်တော်ယာဉ် ပျက်စီးဆုံးရှုံးမှု ငွေကြေးပမာဏကို ကျွန်ုပ်တို့ အပြည့်အဝ ကာအကွယ်ပေးမှာဖြစ်လို့ ကံကိုယုံပြီး သင့်ကားကို ပုံအပ်မထားဘဲ ကျွန်ုပ်တို့ရဲ့ မော်တော်ယာဉ် အာမခံကို ဒီနေ့ပဲရယူလိုက်ပါ။

## ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ရဲ့အလုံးစုံ မော်တော်အာမခံက ယာဉ်တိုက်ခြင်း၊ ယာဉ်တိမ်းမှောက်ခြင်း၊ ယာဉ်မီးလောင်ခြင်း၊ ယာဉ်ပေါ်သို့ ပစ္စည်းပြုတ်ကျခြင်းတို့အပြင် ဖျက်ဆီးခံရခြင်း သို့မဟုတ် သူတစ်ပါးလက်ချက်ကြောင့် ထိခိုက်ပျက်စီးခြင်းများအတွက်ပါ အကာအကွယ်ပေးပါတယ်။ One-stop insurance service ရယူနိုင်ခြင်း ၊ 24/7 claim service ရယူနိုင်ခြင်းတို့ကိုလည်း ဝန်ဆောင်မှု ပေးပါတယ်။ အက်ဆီးဒင့်ဖြစ်ရာမှာ အာမခံထားသည့် ယာဉ်ကြောင့် သူတစ်ပါး ထိခိုက်နစ်နာခြင်းများဖြစ်သည့် သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာအပြင်းအထန် ရရှိခြင်း ဖြစ်ခဲ့မယ်ဆိုရင်လည်း ထိခိုက်နစ်နာသူအတွက်ပါ လျော်ကြေးပေးသွားမှာ ဖြစ်ပါတယ်။




## အဓိက အကျိုးခံစားခွင့်များ

- သင်ကိုယ်တိုင်ကြောင့်ဖြစ်လာတဲ့ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ မီးဘေးကြောင့် ယာဉ်မီးလောင်မှု၊ ယာဉ်မှ အလိုအလျောက် မီးလောင်မှုတို့အတွက် လျော်ကြေးပေးခြင်း။
- အခြားသူ၏ မသမာမှုများကြောင့် သင့်ယာဉ်ထိခိုက်ပျက်စီးမှုအတွက် လျော်ကြေးပေးခြင်း။
- လမ်း၊ ရထား၊ ဓါတ်လှေကားတို့ပေါ်မှ အတင်အချပြုလုပ်ရာမှ မတော်တဆမှုကြောင့် ထိခိုက်ပျက်စီးမှုအတွက် လျော်ကြေးပေးခြင်း။
- အပေါ်မှ ပြုတ်ကျလာသော ပစ္စည်းများကြောင့် ထိခိုက်ပျက်စီးမှုအတွက် လျော်ကြေးပေးခြင်း (သဘာဝ၏ စေ့ဆော်နှောင့်ယှက်မှုကြောင့် ဖြစ်ပွားခြင်းကို အပို အကာအကွယ်အဖြစ် ရယူနိုင်ပါသည်)။
- အာမခံထားသည့် ယာဉ်ကြောင့် သူတစ်ပါး ထိခိုက်နစ်နာခြင်းများဖြစ်သည့် သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာအပြင်းအထန်ရရှိခြင်း ဖြစ်ခဲ့မယ်ဆိုရင်လည်း ထိခိုက်နစ်နာသူအတွက်ပါ လျော်ကြေးပေးခြင်း။